# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အငြမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၆၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၅.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အငြမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၄ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၂ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၂ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၂ ဦးအနက် ၄၃ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၃ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၃ ရက်၊

(၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၄) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၂ ရက်၊

(၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၃ ရက်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၁၀) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၁၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၂) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၃ ရက်၊

(၁၃) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဝင်း ခွင့် ၁ ရက်၊

(၁၅) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၃ ရက်၊

(၁၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၁၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၃ ရက်၊

(၁၈) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်နှင့်

(၁၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ဆည်၊ ကန်၊ တာတမံများ၌ ဆည်မြောင်းနယ်နိမိတ် အတည်ပြုပြဋ္ဌာန်းပေးရန် နေပြည်တော်ကောင်စီ နယ်မြေကဲ့သို့ အမျိုးအစား အကျယ်အဝန်းအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ အစည်းအဝေးကိုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်း ဆည်၊ ကန်၊ တမံများနဲ့ တူးမြောင်းများတည်ဆောက်ပေးပြီး ဖြစ်တာကို သိရှိရပါတယ်။ တည်ဆောက်ပြီး ဆည်၊ ကန်၊ တမံတူးမြောင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အမြဲမပြတ်ဆောင်ရွက်နေကြောင်း ကိုလည်း တွေ့မြင်သိရှိနေရပါတယ်။ အဲ့လိုဆောင်ရွက်ရာမှာ အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာ စေရန်အလို့ငှာ အသုံးပြုနိုင်သော မြေအမျိုးအစားဖြစ်ခဲ့ပါက ဆည်၊ ကန်၊ တာတမံနဲ့တူးမြောင်းများ အနီးရှိမြေများကိုအသုံးပြုရာမှာ အချို့ဒေသများ၌ တူးမြောင်းရှိ ယခင်က နယ်နိမိတ်သတ်မှတ် ကျောက်တိုင်များစိုက်ထူထားခဲ့သော်လည်း ဥပဒေပြဋ္ဌာန်းအတည်ပြုချက်မရှိတာမို့ ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများဆောင်ရွက်ရာမှာလည်းကောင်း၊ တူးမြောင်းများအနီး လယ်ယာမြေများစွန့်ပစ်ပိုလျှံရေ များစီးဆင်းနိုင်ရန် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ အစိုးရဌာန

အရာထမ်း၊ အမှုထမ်းများနှင့် လုပ်သားပြည်သူများအကြား နားလည်မှုလွဲမှားစေတဲ့ဖြေရှင်းမှုများကို ဌာနဆိုင်ရာများမှ အဆင်ပြေချောမွေ့စေရန် မကြာခဏဖြေရှင်းနေရတဲ့အနေအထား တွေ့မြင်သိရှိနေရပါတယ်။

အခုအခါ တောင်သူလယ်သမားများကို လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)များ ထုတ်ပေးနေတဲ့အချိန်ကာလမှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ သတ်မှတ်ရယူသင့်တဲ့ အကွာအဝေးအတွင်း လယ်ယာမြေပိုင်ဆိုင်မှုလက်မှတ် ထုတ်ပေးနိုင်မှုမရှိစေရန် နေပြည်တော် ကောင်စီနယ်မြေကဲ့သို့ ဆည်မြောင်းနယ်နိမိတ်သတ်မှတ်ချက်အမျိုးအစား၊ အကျယ်အဝန်းအလိုက် အတည်ပြုပြဋ္ဌာန်းပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။ အဲ့ဒါကြောင့် သက်ဆိုင်ရာလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဆည်၊ ကန်၊ တာတမံများ၌ ဆည်မြောင်းနယ်နိမိတ် အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန်ကို နေပြည်တော်ကောင်စီနယ်မြေကဲ့သို့ အမျိုးအစား၊ အကျယ်အဝန်းအလိုက် ဆောင်ရွက်ပေးမယ့်အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဦးခင်ဇော် ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ တူးမြောင်းအက်ဥပဒေ အခန်း (၁) ပုဒ်မ ၃ ပုဒ်မခွဲ (၁) နှင့် အက်ဥပဒေ အခန်း (၁၂) ပုဒ်မ ၇၉ ပုဒ်မခွဲ (၁) တို့အရ မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရေလှောင်တမံနှင့် ဆက်စပ်ရေပေးတူးမြောင်းများ၊ ရေနုတ်မြောင်းများ၊ ရေထိန်းတံခါးများ၊ ရေပေးပြွန်

များနှင့် တူးမြောင်းပေါ်ရှိ တံတားများစသည်တို့ကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော အဆောက်အဦများအဖြစ် သတ်မှတ်ကြော်ငြာမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။

ဤကဲ့သို့ ရေလှောင်တမံနှင့် ဆည်မြောင်းနယ်နိမိတ် အပိုင်းအခြားများကို သတ်မှတ်ရာတွင် အောက်ပါအတိုင်း ဦးတည်သတ်မှတ်ပါတယ်။ (က) မြန်မာနိုင်ငံတည်ရှိနေသည့် မြောက်လတ္တီတွဒ်နှင့် အရှေ့လောင်ဂျီတွဒ်တို့အတွင်းတွင် ဆည်မြောင်းအဆောက်အဦရှိသည့် မြောက်လတ္တီတွဒ်နှင့် အရှေ့လောင်ဂျီတွဒ်ကို အတည်ပြုသတ်မှတ်ပေးခြင်း၊ (ခ) ဆည်မြောင်းအဆောက်အဦ၏ အရပ်ရှစ်မျက်နှာတွင် တည်ရှိနေသော နယ်နိမိတ်သတ်မှတ်သည့် ကျေးရွာများ၊ ချောင်းများကိုဖော်ပြ၍သတ်မှတ်ခြင်း၊ (ဂ) ရေလှောင်တမံများ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိ ရေအားအဆောက်အဦများနှင့် တူးမြောင်းအသီးသီး၏ လားရာတစ်လျှောက် နယ်နိမိတ်သတ်မှတ်အတည်ပြုခြင်း၊ သာမန်အားဖြင့် တူးမြောင်းမကြီးအတွက် မြောင်းမကြီး၏ဗဟိုအူကြောင်းမှ ဝဲ/ယာ ၁၀၀ ပေ၊ လက်တံမြောင်းများအတွက် လက်တံမြောင်း၏ဗဟိုအူကြောင်းမှ ဝဲ/ယာ ၇၅ ပေ နှင့် မြောင်းခွဲများအတွက် မြောင်းခွဲဗဟိုအူကြောင်းမှ ဝဲ/ယာ ၅၀ ပေ၊ ရေနုတ်မြောင်းဖြစ်ပါက မြောင်းနှုတ်ခမ်းထိပ် ဝဲ/ယာ ပေ ၃၀ စီဟူ၍ တူးမြောင်းနယ်နိမိတ်အသီးသီး အတည်ပြုသတ်မှတ်ထားပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆည်မြောင်းကန်တာတမံမြေ၊ ဆည်ရေသောက်ဧရိယာ၊ မြောင်းမကြီး၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းများစသည့် ရေပေးမြောင်းများ၊ မြစ်ချောင်းနှင့် ရေအောက်မြေ၊ အင်းအိုင်မြေဧရိယာများတွင် စိုက်ပျိုးလုပ်ကိုင်နေသူများမှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေး လျှောက်ထားမှုမရှိစေရန် စိစစ်ဆောင်ရွက်ခြင်းများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်နဲ့လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော အထက်ပါဆည်၊ တမံကြီးများ သတ်မှတ်နယ်မြေအတွင်း သစ်ဖောင်၊ ဝါးဖောင်များမျှောခြင်း၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ ရေစီးရေလာအနှောင့်အယှက်ဖြစ်စေသော လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ကျူးကျော်နေထိုင်ခြင်းများကြောင့် တူးမြောင်းများနှင့် ဆက်စပ်နေသော အဆောက်အဦများနှင့် လယ်ယာမြေများအပေါ် တစ်နည်းနည်းဖြင့် ထိခိုက်ပျက်စီးစေခြင်း၊ လွှမ်းမိုးခြင်းစသည့် အန္တရာယ်များမှ ကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများအား မြန်မာနိုင်ငံတူးမြောင်းအက်ဥပဒေ အခန်း

(၁၁) ပုဒ်မ ၇၅ အောက်ရှိ ပြစ်မှုများအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အရေးယူခံရမည် ဖြစ်ကြောင်း အမိန့်ကြော်ငြာချက်များကို အခါအားလျော်စွာ ထုတ်ပြန်ပါတယ်။

ဆည်မြောင်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီး ပြန်တမ်းအဖြစ် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ပုံနှိပ်နှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများအားလုံးသို့ ဖြန့်ဝေအကြောင်းကြားမှုများဆောင် ရွက်ပါတယ်။ သို့ဖြစ်ပါ၍ ဆည်မြောင်းဦးစီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအတွင်းရှိ ရေလှောင်တမံနှင့် ဆက်စပ်တူးမြောင်းများ၊ ရေထိန်း တံခါးများ၊ ရေနုတ်မြောင်းများ၊ ရေပေးပြွန်များနှင့် တူးမြောင်းပေါ်ရှိတံတားများ စသည်တို့အတွက် နယ်နိမိတ်အတည်ပြုပြဋ္ဌာန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**သနပ်ပင်မြို့နယ် အပိုင်-အောင်ချမ်းသာ၊ ကျုံပါ ချောင်းဝ-ကဒွတ်နှင့် အထက်ကျုံပါ-ကြီးပင်စုချောင်း များအား ချောင်းအဖြစ်၊ လမ်းအဖြစ်တူးဖော်ပေးရန်နှင့် ချောင်း/မြောင်း ၂၄ ခုအား ပြုပြင်တူးဖော်ပေး ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ချောင်း၊ မြောင်းများတူးဖော်ရေးကိစ္စ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီမှာ ပဲခူးတိုင်းအရှေ့ခြမ်း ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှာရှိတဲ့ စစ်တောင်းမြစ်အတွင်း စီးဝင်တဲ့ ချောင်းကြီးများကို ပြန်လည်တူးဖော်ပေးခဲ့တဲ့အတွက် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုဘေးနဲ့ကြုံနေ ခဲ့ရတဲ့ ကျွန်တော်တို့ မြို့နယ်တွေမှာ ယခုနှစ် မိုးတွင်းရေကြီးခြင်းဘေးမှ လွတ်မြောက်ခဲ့ကြပါတယ်။ အဲ့ဒီအတွက် ပြည်ထောင်စုအစိုးရကို ဒေသခံပြည်သူများမှ အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိ နေပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးဟာ စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်လျက် မြေသြဇာကောင်းပြီးတော့ မြေပြန့်ပြူးညီညာမှုရှိတဲ့အတွက် ရေသွင်း၊ ရေထုတ်စနစ်တွေကောင်းမယ်၊ ကုန်ထုတ်ဆက်သွယ်ရေးလမ်းတွေကောင်းမယ်ဆိုရင် တိုင်းပြည်အတွက် စိုက်ပျိုးရေးကဏ္ဍမှာ အလွန်အားကိုးလောက်တဲ့ တိုင်းဒေသကြီးတစ်ခု ဖြစ်မှာသေချာပါတယ်။ ချောင်း၊ မြောင်းများ ဖောက်တဲ့အခါမှာလည်း ရေသွင်း၊ ရေထုတ်အတွက်သာမဟုတ်ဘဲနဲ့ ကျေးရွာချင်းဆက်လမ်းအဖြစ် ကုန်ထုတ်ဆက်သွယ်ရေးလမ်းအဖြစ်၊ မြောင်းအဖြစ်၊ ဘောင်အဖြစ်၊ လမ်းအဖြစ်ပါ ရည်ရွယ်ဖောက်လုပ်မယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ကျရေးအတွက်ပါ အလွန်အကျိုးကျေးဇူးများမှာ ဖြစ်ပါတယ်။ တစ်ချက်ခုတ်၊ နှစ်ချက်၊ သုံးချက်ပြတ်အကျိုးဖြစ်မှာဖြစ်ပါတယ်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စစ်တောင်းမြစ်အတွင်း စီးဝင်တဲ့ချောင်းကြီးများကို တူးဖော်ပေးခဲ့ပြီးဖြစ်သော်လည်း ချောင်းသွယ်၊ မြောင်းသွယ်များ တူးဖော်ပေးရန် လိုအပ်လျက်ရှိနေပါသေးတယ်။ ယင်းချောင်းများကို ဆက်လက်တူးဖော်ပေးမယ်ဆိုရင် မိုးတွင်းကာလရေကြီးရေလျှံမှုဘေးကို ပိုမိုကာကွယ်နိုင်မှာဖြစ်တဲ့အပြင် နွေစပါး၊ သီးထပ်ဧကသောင်းချီ စိုက်ပျိုးလာနိုင်မှာလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုတာကတော့ အပိုင်-အောင်ချမ်းသာ၊ ကျုံပါ ချောင်းဝ-ကဒွတ်နှင့် အထက်ကျုံပါ-ကျီးပင်စုချောင်းများအား ချောင်းအဖြစ်၊ လမ်းအဖြစ် တူးဖော်ပေးရန်နှင့် သနပ်ပင်မြို့နယ်အတွင်းလိုအပ်သော ချောင်း/မြောင်း ၂၄ ခုတို့အား ပြုပြင်တူးဖော်ပေးပါရန် မဲဆန္ဒရှင်များကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အထူးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ မေးမြန်းချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဆက်လက်ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်အတွင်းရှိ ကျုံပေါက်ရိုးမှ ခ.ယ.က

တူးမြောင်း၊ နွေစပါး ရေသွင်းရေနုတ်မြောင်း၊ အရပ်အခေါ် (အပိုင်-အောင်ချမ်းသာချောင်းဟောင်း) သည် ကလိုင်-ပိုင်ကျုံရေနုတ်မြောင်းအတွင်းသို့လည်းကောင်း၊ ကျုံပါချောင်း၀-ကဒွတ်ချောင်းသည် မင်းရွာ-မင်းကဒတ် ရေနုတ်မြောင်းအတွင်းသို့လည်းကောင်း၊ အထက်ကျုံပါ-ကျီးပင်စု (ကမ်းပြို ချောင်းဟောင်း)သည် သနတ္တန်းချောင်းအတွင်းမှ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သည့်ချောင်းများ ဖြစ်ပါတယ်။

ကျုံပေါက်ရိုးမှ ခ.ယ.က တူးမြောင်း (အပိုင်-အောင်ချမ်းသာချောင်းဟောင်း) အားပြန်လည် တူးဖော်ပေးခြင်းဖြင့် လယ်ယာမြေဧက ၅၄၀၀ ခန့်ကိုလည်းကောင်း၊ ကျုံပါချောင်း၀-ကဒွတ် ချောင်း အားပြန်လည်တူးဖော်ပေးခြင်းအားဖြင့် လယ်မြေဧက၂၇၀၀ဧကခန့်ကိုလည်းကောင်း၊ ကျုံပါ-ကျီးပင်စု (ကမ်းပြိုချောင်းဟောင်း) အားပြန်လည်တူးဖော်ခြင်းအားဖြင့် လယ်မြေဧက ၄၂၀၀ ခန့်ကို ရေတော် မိုးတော်မိုးစပါးဧကများအဖြစ် ပြောင်းလဲတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်လျှင် ချောင်းပေါက်များအား လမ်းအဖြစ်အသုံးပြုနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့ လွယ်ကူမြန်ဆန်လာမည် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်အတွင်းရှိ တိမ်ကောနေသော ချောင်း/မြောင်း ၂၄ ခုကို ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် မိုးစပါးကောင်းစွာမစိုက်ပျိုးနိုင်သော လယ်မြေဧက ၅၄၀၀၀ ခန့်ကို ရေတော်မိုးတော် မိုးစပါးစိုက်ဧကများအဖြစ် ပြောင်းလဲတိုးတက် စိုက်ပျိုးလာနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါချောင်းအဖြစ်၊ မြောင်းအဖြစ် တူးဖော်ပေးမည့် လုပ်ငန်း (၃) ခုနှင့် ချောင်း/မြောင်း ၂၄ ခုတို့ကို ဆောင်ရွက်ပေးနိုင်ရန် လာမည့်မိုးရာသီကာလအတွင်း ရေစီးရေလာအခြေအနေ၊ ချောင်းအသီးသီး၏ ဖြစ်သင့်သော ရေနုတ်စွမ်းအားအတွက် တူးဖော်ဆောင်ရွက်သင့်သော အတိုင်း အတာစသည်တို့ကို ကွင်းဆင်းလေ့လာကြည့်ရှုပြီး ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာတွက်ချက်ခြင်း၊ လုပ်ငန်းအလိုက်ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်းတို့ကိုပြုလုပ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်တွင် လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါ ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းနှင့် အကူအညီ များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။(ဩဘာသံများ)

**ရွှေဘိုမြို့အနောက်ဘက် ကျေးရွာလယ်မြေများရှိ ပျိုးခင်း၊ စိုက်ခင်းများ နှစ်စဉ်ရေလွှမ်းမိုးခံနေရခြင်းကို သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း (ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆည်မြောင်းဦးစီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းမေးလိုပါတယ်။ ကျွန်တော်တို့ ရွှေဘိုမြို့အနောက်ဘက်ရှိ ပန်းရုံ၊ လိပ်ချင်း၊ နှမစားရစ်၊ ခွန်တောင်းကြီးကျေးရွာကွင်းများမှာ စပါးစိုက်ခင်းများရှိပါတယ်။ အဲ့ဒီ စိုက်ခင်းများ၊ လယ်ယာမြေများဟာ မိုးရာသီမှာ နှစ်စဉ်ရေကြီး၊ ရေနစ်မြုပ်မှုကြောင့် ဧက ၂၀၀ ခန့် ရေမြုပ်တာခံရပါတယ်။ သို့သော်လည်း ရေကြီးတာဟာ ၃၊ ၄ ရက်သာဖြစ်တဲ့အတွက်ကြောင့်မို့ တချို့ ကတော့မပျက်စီးပါဘူး။ သို့သော်လည်း ဧက ၁၀၀ လောက်ကတော့ နှစ်စဉ်ပျက်စီးသွားမြဲဖြစ်ပါတယ်။ ဘာကြောင့်ရေကြီးရသလဲလို့ မေးလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ရွှေဘိုဟာ သိပ်ပြီးတော့ မိုးများ တဲ့အရပ်ဒေသမဟုတ်ပါဘူး။ သို့သော်လည်း ရေကြီးရတဲ့အကြောင်းရင်းကတော့ အဲ့ဒီလယ်မြေတွေကို ဖြတ်သွားတဲ့ရေဆိုးအမှတ် (၄) နှင့် အမှတ် (၅) မှရေများ၊ အထက်ပိုင်းမှာ မြို့များမှာရှိတဲ့ချောင်းတို့၊ ကျွန်တော်တို့ ကန်တော်ကနေပြီးတော့ ရေလွှဲပေါက်ကနေလာတဲ့ရေတို့၊ အဲ့ဒီ ပိုလျှံတဲ့ရေတွေဟာ ဒီရေဆိုးမြောင်းထဲကို ရောက်ရှိလာတဲ့အတွက်ကြောင့် ရေဆိုးမြောင်းကနေပြီးတော့ ကျိုးပေါက်လျှံ ကျပြီးတော့ လယ်မြေများအပေါ်မှာ ရေလွှမ်းရခြင်းဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့လည်း ရေဆိုးတွေကိုပြန်လည်ပြီးတော့ အထိုက်အလျောက်ပြုပြင်ထားတာလည်း တွေ့ရပါတယ်။ ပြုပြင်တဲ့ အတွက်ကြောင့်မို့လည်း အရင်တုန်းက ဧကများစွာဆုံးရှုံးရတာကနေပြီးတော့ အခုတော့လျော့နည်း သွားတာကိုလည်း တွေ့ရပါတယ်။ သို့သော် ရေလွှမ်းမိုးမှုဟာ နှစ်စဉ်ဆက်ပြီးတော့ ရှိနေဆဲဖြစ်ပါတယ်။ ဒီရေဆိုးမြောင်းကြီးတွေ ဘာကြောင့်ရေတွေများသလဲသို့ လေ့လာလိုက်တဲ့အခါကျတော့ ရေဆိုးမြောင်း ကြီးတွေထဲကို ကျွန်တော်တို့ သဖန်းဆိပ်၊ ကင်းတားဆည်ထဲကနေပြီးတော့မှ မိုင် ၅၀ ဝေးတဲ့ ရွှေဘို၊ မဟာနန္ဒာကန်တော်ကြီးကို ရေတူးမြောင်းနဲ့ရေသွယ်ပို့တာ။ ရေသွယ်ပေးတဲ့အခါမှာ မိုးရာသီအချိန် အခါမျိုးမှာ အဲ့ဒီရေတွေဟာ များလာပါတယ်။ များလာတဲ့အခါမှာ ကန်တော်ကရေတွေ လျှံထွက်မှာစိုး

တဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီရေတွေကို ရေလွှဲပေါက်တွေကနေပြီးတော့မှ ရေဆိုးမြောင်းထဲကိုပို့ပါတယ်။ ရေဆိုးမြောင်းထဲကိုပို့တဲ့အခါကျတော့ ကျွန်တော်တို့ မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း အဲ့ဒီကျေးရွာတွေဟာ ရေဆိုးမြောင်းထဲကရေတွေ သိပ်များလာပြီးတော့ လျှံကျပြီးတော့ သူတို့လယ်တွေကို ပျက်စီးရခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်တို့အဖွဲ့များ သွားရောက်လေ့လာတဲ့အခါမှာ ကျွန်တော်မှတ်တမ်းဓာတ်ပုံနဲ့ရိုက်ခဲ့တာလေးတွေကို တင်ပြချင်ပါတယ်။ ရွှေဘို ရတနာနန်းတော်ပါ။ ဦးအောင်ဇေယျရုပ်ထုဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါဟာရေဆိုးအမှတ် (၄)၊(၅)၊ ဒီလိုပါပဲ အဲ့ဒီရေတွေလျှံကျနေရခြင်းဖြစ်ပါတယ်။ ရေတွေများလာခြင်းဖြစ်ပါတယ်။ မိုးရွာလို့များတာ မဟုတ်ပါဘူး။ အထက်ပိုင်းမှာမိုးတွေရွာနေပြီးတော့ ရေဆိုးမြောင်းကိုရေလွှဲပေါက်ကနေ လွှတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ များခြင်းဖြစ်ပါတယ်။ ဒါဟာလယ်ပေါင်းမြောက်မြားစွာ၊ ဧကပေါင်းမြောက်မြားစွာကို ရေလွှမ်းသွားပါတယ်။ ဒါက ကျွန်တော်တို့ရေဆိုးအမှတ် (၅)ပါ၊ ဒါကျွန်တော်တို့ သွားပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ ဒါသူတို့ရွာတွေထဲထိရေတွေလျှံပါတယ်။ နောက် အဲ့ဒီရေလျှံတဲ့အချိန်ဟာ ဘယ်အချိန်လဲဆိုလို့ရှိရင် သြဂုတ်၊ စက်တင်ဘာကာလတွေမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်အခါတွေမှာ ကျွန်တော်တို့ နွေစပါးတွေ သီးမှည့်နေတဲ့အချိန်ဖြစ်ပါတယ်။ တချို့တလေဟာ နွေစပါးတွေစရိတ်နေပါပြီ။ အဲ့လိုအချိန်အခါမှာ နွေစပါးမရိတ်ခင်လေးမှာ အခုလိုရေတွေလျှံလာတဲ့အတွက်ကြောင့်မို့လို့ စပါးတွေဟာအရည်အသွေး ညှံ့ဖျင်းပြီးတော့ တချို့တလေဟာကျေကုန်ပါတယ်။ အဲ့ဒီရေလျှံတဲ့ဥစ္စာတွေကို ကျွန်တော်တို့သွားရောက်ပြီးတော့လေ့လာခဲ့ပါတယ်။ ဒါကကန်တော်ပါ။ ကျွန်တော်တို့ဟာ ဘာကြောင့်ဒီရေတွေ ဒီဘက်မှာများနေရသလဲ။ နှစ်စဉ်များနေတာကိုလေ့လာကြည့်တဲ့အခါမှာ မဟာနန္ဒာကန်တော်ကြီးထဲကိုဝင်တဲ့ ရေမြောင်း၊ အဲ့ဒီရေမြောင်းကနေပြီးတော့မှ ရေပိုလွှဲတွေဟာ လွှတ်တဲ့အတွက်ကြောင့်မို့လို့ မဟာနန္ဒာကန်တော်ကြီးသာ ယခု ဧက ၂၀၀ ရှိပါတယ်။ မဟာနန္ဒာ ကန်တော်ကြီးဟာ ဧက ၂၀၀ အပြင် ကျွန်တော်တို့ ဒီ့ထက်ပိုပြီးတော့ ရေတွေကိုထိန်းသိမ်းနိုင်မယ်ဆိုလို့ရှိရင် ရေဆိုးမြောင်းတွေကိုလွှတ်ရမယ့်ရေပမာဏဟာနည်းလာမှာဖြစ်ပါတယ်။ ဒီကန်တော်ကြီးဟာ အရင်တုန်းကဆိုလို့ရှိရင် ဧကတော်တော်ကျယ်ပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ ကျွန်တော်တို့မြို့အတွက် သောက်သုံးရေရရှိဖို့ဆိုပြီးတော့ ရွှေဘိုမြို့ဟာလည်း လူဦးရေ ၁ သိန်းကျော်ရှိတဲ့အနက်မှာ နေ့စဉ်ဂါလန် ၁၈ သိန်းလောက်လိုပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်တို့ကန်တော်ကပေးနိုင်တာကတော့ တကယ်တမ်းကျတော့ ၁၂ သိန်းလောက်သာပေးနိုင်ပါတယ်။ အဲ့ဒီတော့ ဒီကန်ကိုကျွန်တော်တို့က သောက်ရေသုံးရေရနိုင်အောင်လို့ဆိုပြီးတော့ ရေစစ်ကန်နဲ့ မြို့ကိုရေပေးပါတယ်။ အဲ့လိုရေပေးတဲ့အတွက်ကြောင့်မို့လို့

မြို့လူထုကရေရပါတယ်။ သို့သော်လည်း စောစောကပြောသလိုပဲ ၁၈ သိန်းလောက်လိုတဲ့ ရေပမာဏ ကို ၁၂ သိန်းလောက်ပဲပေးနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီကန်ကြီးရဲ့အရှေ့ဘက်မှာ ဧက ၆၀ လောက်ရှိတဲ့မြေဧရိယာရှိပါတယ်။ အဲ့ဒါဟာလည်းအရင်တုန်းက ရေဝင်တဲ့ဒေသပါ။ အခု ဟာကတော့ ကန်ကိုပေါင်ကြီးခတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ရေဘေးမှာပြန့်တဲ့ ဧရိယာနည်းသွား ပါတယ်။ နည်းသွားတဲ့အတွက်ကြောင့်မို့လို့ ကန်တော်ကို ရေလျှံမှာစိုးတဲ့အတွက်ကြောင့်မို့လို့ ရေဆိုး မြောင်းတွေကို လမ်းတစ်လျှောက်ကနေပြီးတော့မှ ရွာတွေဘက်ကို ရေလွှဲပေါက်တွေကနေပြီးတော့ ပေးရခြင်းဖြစ်ပါတယ်။ ရေစစ်ကန်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီရေတွေက ဘယ်ကလာလဲဆိုတော့ ဒါ သဖန်းဆိပ်ဆည်ဖြစ်ပါတယ်။ သဖန်းဆိပ်ဆည်ကနေလာပါတယ်။ သဖန်းဆိပ်ဆည်ကနေ ကင်းတား ဆည်ကိုလာပါတယ်။ အဲ့ဒီကနေပြီးတော့ ကျွန်တော်တို့ အခုလို ရေလွှဲပေါက်တွေကနေပြီးတော့မှ ကင်းတားဆည်ကြီးကနေပြီးတော့ လယ်တွေကိုရေရနိုင်အောင် ဆည်မြောင်းဦးစီးဌာနကနေပြီးတော့မှ ရေပေးဝေခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ အကယ်၍သာ ကျွန်တော်တို့က ဒီရေတွေကိုပိုပြီးတော့ ထိန်းသိမ်းနိုင်အောင် ကန်ကြီးကိုပိုပြီးတော့ချဲ့နိုင်မယ်။ သို့မဟုတ် ကန်ကြီးအပြင်ဘက်မှာရှိတဲ့ ဧက ၆၀ လောက်ရှိတဲ့နေရာကို ကန်အသစ်တူးမယ်ဆိုလို့ရှိရင် ရေထိန်းသိမ်းနိုင်မယ့်အင်အားလည်း ပိုပြီးတော့ များလာမှာဖြစ်ပါတယ်။ ထို့အတူပဲ ဒီမဟာနန္ဒာကန်ကြီးဟာ လယ်မြေတွေကိုလည်း မြို့ကိုရေပေးရာ တင်မကပါဘူး။ လယ်မြေအချို့ကိုလည်း ရေပေးပါတယ်။ ရေပေးတဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့ရေနေ တဲ့အနေအထားဟာ ဒီ့ထက်ပိုပြီးတော့ များမယ်ဆိုလို့ရှိရင် လယ်သမားတွေအတွက်ရော၊ မြို့အတွက် ရောပိုပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီကန်တော်ကြီးကိုလာတဲ့ရေမြောင်းတွေ ကင်းတားဆည်ကနေလာတဲ့ရေမြောင်း တစ်လျှောက်မှာ အရင်တုန်းက ဒီခေတ်အဆက်ဆက်က ရေတွေ လျှံသော်လည်း ဘေးမှာအင်းဗြဲကြီးလိုပဲ မြောင်းရဲ့ဘေးမှာရှိတဲ့ အသုံးမပြုတဲ့မြေတွေအပေါ်မှာ ရေတွေ ကပြန့်သွားတဲ့အတွက်ကြောင့် ရေလျှံတဲ့ ပြဿနာ၊ ဒီဘက်ကိုတအားကြီး ရေများတဲ့ပြဿနာမရှိပါဘူး။ ဒါပေမယ့်လို့ အခုအချိန်အခါကျတော့ အဲ့ဒီရေမြောင်းရဲ့ဘေးမှာ ငါးကန်တွေရောက်လာပါတယ်။ ငါးကန်တွေက ဘေးကနေ ပေါင်ခတ်လိုက်သလိုဖြစ်တဲ့အတွက်ကြောင့်မို့ ဒီငါးကန်တွေကြောင့်မို့ ရေတွေကမထိန်းနိုင်၊ ငါးကန်တွေက ပေါင်ခတ်သလိုထားတဲ့အတွက်ကြောင့်မို့လို့ ရေတွေက ဘေးကို မရောက်နိုင်တဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ အဲ့လိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လယ်သမားတွေလည်း အကျိုးရှိ၊ ရေလျှံမှုလည်း ထိန်းသိမ်းနိုင်အောင် ဆည်မြောင်းဦးစီးဌာနကို ကျွန်တော့်အနေနဲ့မေးခွန်း ၃ ခုမေးလိုပါတယ်။ နံပါတ် (၁) မေးခွန်းကတော့ ကျွန်တော်တို့ လက်ရှိ

ရေဆိုးမြောင်းကြီးများကို ယခုထက်ပိုပြီးတော့ ချဲ့ပြီးတော့၊ ပိုပြီးတော့နက်ပြီးတော့ ရေစီးရေလာ ပိုကောင်းအောင် ဘေးကပေါင်ကြီးတွေခတ်ပြီးတော့ ဒါကလည်း ကျွန်တော်တို့ လယ်မြေတွေအချို့ ကိုသာ လယ်သမားတွေနဲ့ညှိနှိုင်းပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ သူရဲ့ဧရိယာဟာ တဖြည်းဖြည်းနဲ့ မြောင်းကြီးရဲ့ဘေးမှာ ကပ်လျက်လယ်တွေဟာ ကျူးလာသလား၊ ကျော်လာသလား ဒါလည်းမသိပါဘူး။ မြောင်းရဲ့အကျယ်အဝန်းဟာ ဒီလောက်ထိအောင် ထိုက်သင့်တဲ့အကျယ်အဝန်းမရှိတာကို တွေ့ရပါ တယ်။ အဲ့ဒီအပြင် အဲ့ဒီဘေးမှာ ငါးကန်တွေဟာလည်း ကပ်ပြီးရောက်လာတာတွေ့ရပါတယ်။ အဲ့ဒီ အပြင်ရေရဲ့ရေစီးမှုဟာ ရေဆိုးမြောင်းကြီးစီးခဲ့တဲ့ သုံးကြောင်းလောက်ရှိခဲ့တဲ့နေရာမှာ အောက်ခြေ ရောက်တဲ့အခါကျတော့ အဲ့ဒီရေဆိုးမြောင်းဟာ နှစ်ကြောင်းတည်း ပေါင်းသွားတဲ့အနေအထားမျိုး ရှိတဲ့အခါကျတော့ မူးမြစ်ထဲကိုစီးဝင်ခါနီးမှာ ရေဆိုးမြောင်းကြီးဟာ ဝင်ခါနီးမှာမကျယ်ပဲနဲ့ ဝင်ခါနီးမှာ ကျဉ်းသွားတဲ့အနေအထားရှိတဲ့အတွက်ကြောင့်မို့လို့ လယ်မြေထဲကိုရေတွေကျပါတယ်။ အဲ့ဒါကြောင့်မို့ ဒီမြောင်းကြီးတွေကို ဒီ့ထက်ပိုပြီးတော့ပိုမိုချဲ့ကားတူးဖော်ခြင်း အစီအစဉ်ရှိ/မရှိ။ နံပါတ် (၂) ကတော့ ဆည်မြောင်းကနေပြီးတော့ အခုလို ရေတွေကိုလွှတ်တဲ့အခါမှာ လယ်သမားအချို့ဟာ အထူးသဖြင့် နွေစပါးရိတ်ခါနီး လယ်သမားတွေဟာ ရေတွေလွှတ်မှာကိုမသိတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့စပါး တွေဟာ လယ်ကွင်းထဲမှာ ပုံထားတဲ့အနေအထားမျိုးလည်းရှိပါတယ်။ အဲ့ဒီအချိန်အခါမှာ စပါးတွေ ပျက်တတ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဆည်မြောင်းနဲ့ စိုက်ပျိုးရေးဌာနနဲ့၊ ကျေးရွာနဲ့ ကျေးရွာအုပ်ချုပ် ရေးအဖွဲ့တွေနဲ့ လယ်သမားတွေနဲ့ညှိနှိုင်းပြီးတော့ ဘယ်အချိန်မှာ ရေတွေလွှတ်မလဲဆိုတဲ့ ဥစ္စာလေး တွေကိုကြိုတင်ပြီးတော့ အသိပေးတဲ့ Information System အဲ့လိုသတင်းအချက်အလက်ပေးပို့တဲ့ System လေး ရှိ/မရှိသိချင်ပါတယ်။ နောက်တစ်ခုကတော့ ခုနကကျွန်တော်တင်ပြသလိုပါပဲ။ မဟာ နန္ဒာကန်တော်ကြီးကို လက်ရှိကန်တော်ဧက ၂၀၀ ကနေပြီးတော့ အရှေ့ဘက်မှာရှိတဲ့ ကန်တစ်ကန်၊ အဲ့ဒီကန်ကလည်း လျှာထားပြီးသား၊ ရှိပြီးသားဖြစ်ပါတယ်။ သို့သော်လည်း ဘတ်ဂျက်က တစ်နှစ် တစ်နှစ်ကို နည်းနည်း၊ နည်းနည်းကျတဲ့အခါကျတော့ ဒီကန်ကြီးဟာသိပ်ပြီးတော့ အရာမရောက်ပါဘူး။ သိပ်ပြီးတော့ ကောင်းကောင်းမွန်မွန်မတူးနိုင်တော့ပဲ ခဏလောက် နည်းနည်းလေးအမှိုက်လောက်ရှင်း နိုင်လောက်၊ အဲ့လောက်လေးပဲရှိပါတယ်။ အဲ့ဒီဘက်မှာ ဧက ၆၀ လောက်ရှိပါတယ်။ အဲ့ဒါကို အသစ် ကျကျနနတူးဖော်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းရဲ့ မေးမြန်းချက်တွေအပေါ် ကျွန်တော်မှ ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ရွှေဘိုအနောက်ဘက်ပိုင်းရှိ ပန်းရုံ၊ လိပ်ချင်း၊ နှမစားရစ်နှင့် ခွန်တောင်းကြီးကျေးရွာကွင်းများ၏ စပါးစိုက်ပျိုးခင်းလယ်မြေများ မိုးရာသီတွင် ရေကြီးနစ်မြုပ်ရသည့်အကြောင်းအရင်းမှာ ကာဘိုးဆည်ရေသောက်စနစ်အတွင်းရှိ ရေနုတ်မြောင်းများဖြစ်သည့် ရေဆိုးမြောင်းအမှတ် (၄)၊ အမှတ် (၅) တို့မှာ မိုးသည်းထန်စွာရွာသွန်းပါက ချောင်းရေလျှံသောကြောင့် ဂငးချောင်းဘေးတစ်လျှောက်ရှိ လယ်မြေများရေနစ်ခြင်းနှင့် ဂငးချောင်းနှစ်ချောင်းအဆုံး၏အောက်ဘက်ရှိ နှမစားရစ်ရေဆိုးချောင်းတွင်လည်း ရေလျှံပြီး လယ်မြေများရေနစ်မြုပ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ပါတယ်။ အဆိုပါရေဆိုးချောင်းများကို ပြန်လည်တူးဖော်ခြင်းမဆောင်ရွက်မီ လွန်ခဲ့သောနှစ်များက မိုးသည်းထန်စွာရွာသွန်းပြီး လယ်မြေများရေနစ်မြုပ်လျှင် တစ်ပတ်ဆယ်ရက်ခန့်ကြာမြင့်ပြီး ပျိုးခင်း၊စိုက်ခင်းများ လုံးဝပျက်စီးသည်အထိ ဖြစ်ပွားခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှုသက်သာစေရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ အဆိုပါချောင်း ၃ ချောင်းကို ပြန်လည်တူးဖော်ပေးခဲ့ပါတယ်။ ပြန်လည်တူးဖော်ရာတွင် ချောင်းအတွင်း ပို့နေသော သဲနုန်းများကို တူးထုတ်ပြီးထွက်လာသော မြေစာများကို ပေါင်တင်ပေးခြင်းဖြင့် ရေလမ်းကျဉ်းမြောင်းနေသောနေရာများကို ရနိုင်သမျှ ချဲ့ထွင်ခြင်းဆောင်ရွက်ခဲ့ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ချောင်းဘေးရှိလယ်မြေများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဒေသခံတောင်သူများနှင့် ညှိနှိုင်းရရှိမှုအပေါ် မူတည်၍ ချဲ့ထွင်ပေးခဲ့ရခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့တူးမြောင်းများတူးဖော်ပေးမှုကြောင့် ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေလျှံခြင်းဖြစ်ခဲ့သော်လည်း ရေလွှမ်းချိန်မှာ တစ်ရက်၊ နှစ်ရက်ခန့်သာကြာမြင့်သဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သော်လည်း လယ်မြေများပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ နှမစားရစ်ချောင်းအပါအဝင် ရေဆိုးချောင်းများကို ယခုထက်ပို၍ ချဲ့ထွင်တူးဖော်ပါက ချောင်းဘေးဝဲ/ယာတစ်လျှောက်ရှိ တောင်သူ

များ၏လယ်ယာများသည် ချောင်းခွဲမည့်ဧရိယာအတွင်း ကျရောက်သွားမည်ဖြစ်ပါသောကြောင့် လယ်သမားများ၏ သဘောတူညီမှုရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

မဟာနန္ဒာကန်သို့စီးဝင်သော ရေမြောင်းများ၏ ရေလွှဲပေါက်များမှတစ်ဆင့် ရေဆိုးမြောင်းများသို့ ရေထုတ်လွှတ်ရာတွင် ဆည်မြောင်းဦးစီးဌာနမှ လယ်သမားများထံသို့ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ကြိုတင်အကြောင်းကြားဆောင်ရွက်လျက်ရှိပါတယ်။ မဟာနန္ဒာကန်တွင် မိုးများသည့်အခါ ရေထုထည်ပမာဏ ပိုမိုထိန်းသိမ်းနိုင်ရန် လက်ရှိဧက ၂၀၀ ကျယ်ဝန်းသည့် မဟာနန္ဒာကန်ကြီး၏ပျက်စီးနေသော ကန်ပေါင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆောင်ရွက် ခဲ့ပြီး ရွှေဘိုမြို့လူထုသောက်သုံးရေအတွက် နေ့စဉ်ရေပေးဝေလျက်ရှိပါတယ်။ အဆိုပါ မဟာနန္ဒာကန် ၏ အရှေ့ဘက်တိုးချဲ့ကန်အတွင်း ကြာ၊ ဗေဒါ၊ ဒိုက်၊ အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းနှင့် ဝက်လာပင်များဖယ်ရှားခြင်း စသည်တို့ကို ၂၀၁၃ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။

မဟာနန္ဒာကန်၏အရှေ့ဘက်တိုးချဲ့ကန် တူးဖော်ဆောင်ရွက်ရမည်ဆိုပါက ကန်ပေါင်အလျား ၄၈၅၀ ပေခန့်ပြုပြင်ခြင်း၊ အမြင့် ၁၂ ပေခန့်အထိမြှင့်တင်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ မြေကြီးလုပ်ငန်း ကျင်း ၈၀၀၀၀ ခန့် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ရေဧကပေ ၂၅၀ ခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်ပြီး နွေရာသီတွင် မြို့လူထုအတွက်သောက်သုံး ရေပိုမိုရရှိနိုင်ခြင်း၊ မြို့အင်္ဂါရပ်နှင့်ညီသော သပ်ရပ်လှပသောရေကန်အဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်သော်လည်း လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် လတ်တလောအခြေအနေတွင် မဟာနန္ဒာကန်တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**သာစည်မြို့ပေါ် ၇ ရပ်ကွက်အတွင်းရှိ ၄၄၀ ဗို့ အိမ်သုံးလိုင်းများတွင် ဓာတ်အားလိုင်းများ၊ ဓာတ်မီးကြိုးများပြောင်းလဲတပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လျှပ်စစ်နဲ့ပတ်သက်၍ မေးခွန်း

တစ်ခုမေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်မှာလောပိတရေအားလျှပ်စစ်ဓာတ်အားခွဲရုံနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှိပြီး ၁၁ ကေဗွီလိုင်းများကို ကွန်ကရစ်တိုင်များဖြင့် မီးကြိုးများလဲလှယ်တပ်ဆင်ပေးခဲ့သော်လည်း ၄၄၀ ဗို့အိမ်သုံးလိုင်းများတွင် ဓာတ်တိုင်များ၊ မီးကြိုးများ လဲလှယ်ပေးရန်လိုအပ်လျက်ရှိပါတယ်။ ၎င်းလိုအပ်ချက်များရှိမှုကြောင့် မိုးရွာလေတိုက်ချိန်များတွင် ဓာတ်အားပျောက်ဆုံးခြင်းများနှင့်အတူ မကြာခဏမီးပျက်မှုများကြောင့် လျှပ်စစ်ဝန်ထမ်းတစ်ဦး မကြာမီ ဓာတ်လိုက်၍သေဆုံးခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့ပေါ် ၇ ရပ်ကွက်ရှိ ၄၄၀ ဗို့အိမ်သုံးလိုင်းများတွင် လိုအပ်လျက်ရှိသော မီးတိုင်များ၊ မီးကြိုးများကို ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါခင်ဗျား။ (သြဘာသံများ)

**ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြကျေးရွာတွင် ယိုယွင်းပျက်စီးနေသည့် ကျွန်းကြပ်တိုင်၊ ဓာတ်မီးတိုင်များအစား ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးတပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြင်သိန်း(ပဲခူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်း ဖြစ်ပါတယ်။ ဒီနေ့ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာမှာရှိတဲ့ ပြည်သူလူထုရဲ့ဆန္ဒအရ ပျက်စီးယိုယွင်းနေတဲ့ ဓာတ်တိုင်များအသစ်လဲလှယ်ပေးဖို့ကိစ္စ နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာဟာ ၁၉၈၃-၁၉၈၄ ခုနှစ်ကစပြီးတော့ နိုင်ငံတော်အစိုးရဘတ်ဂျက်ခွင့်ပြုငွေနဲ့ လျှပ်စစ်မီးကို ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ဒီကျောက်တန်းကနေပြီးတော့ ၄ မိုင်လောက်ကွာတဲ့ ထုံးကြီးကျေးရွာမှတစ်ဆင့်သွယ်တန်းအသုံးပြုခွင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။ နှစ်ပေါင်း ၃၀ ခန့်ကြာပါပြီ။ စတင်သွယ်တန်းစဉ်ကတည်းက လမ်းမီးတိုင်များဟာ ကျွန်းကြပ်တိုင်များနှင့် ပြုလုပ်ခဲ့တဲ့အတွက် အခုအခါမှာ ဆွေးမြေ့ပျက်စီးလျက်ရှိပါတယ်။ လေတိုက်မိုးရွာတဲ့အခါမှာ တိုင်များကျိုး၍ ပြိုလဲခြင်း၊ မီးတိုင်ရှိ တန်းများပြုတ်ကျခြင်း၊ ဓာတ်ကြိုးများပြုတ်ကျခြင်းတို့ကြောင့် ကျွဲ၊ နွားများလည်း သေဆုံးမှုရှိခဲ့ဖူးပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ ဒီလျှပ်စစ်လိုင်းတွေဆွဲတဲ့နေရာမှာ ဥယျာဉ်ခြံမြေတွေ အနီးကနေကပ်ဆွဲတာဖြစ်တဲ့

အတွက် ဝါးချုံတွေ၊ သစ်ကိုင်းတွေ၊ နွယ်ကြိုးတွေပေါ့။ နွယ်တွေ ကျွန်တော်တို့ လိုင်းပေါ် ကျတဲ့အတွက် မကြာခဏ ကျေးရွာကနေပြီးတော့ လူငှားပြီးတော့ရှင်းလင်းနေခဲ့ရပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ ဒီရန်ကုန်၊ မန္တလေး မီးရထားသံလမ်းပေါ်ကို ကျော်ဖြတ်ပြီးဆွဲထားတဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းဟာ တိုင်တွေကလည်း ဆွေးမြေ့နေတာဖြစ်တဲ့အတွက် ညအချိန်မှာများ တကယ်လို့ ပြုတ်ကျနေခဲ့ရင် မီးရထားတွေအတွက်လည်း အထူးစိုးရိမ်ရတဲ့အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီပျက်စီးနေတဲ့ဓာတ်တိုင်တွေကို အန္တရာယ်ကင်းစွာအသစ်လဲလှယ်ဖို့နဲ့ပတ်သက်ပြီးတော့ ကျွန်တော် အောက်ဖော်ပြပါကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များရဲ့ ကိုယ်စား မေးမြန်းအပ်ပါတယ်။

မေးခွန်းနံပါတ်(၁) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာမှာ အသုံးပြုလျက်ရှိတဲ့ ယိုယွင်းပျက်စီးနေတဲ့ ကျွန်းကြပ်တိုင်၊ ဓာတ်မီးတိုင်များအစား ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးတပ်ဆင်ပေးရန် အစီအစဉ်ရှိပါသလား။ မေးခွန်းနံပါတ်(၂) အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ပေးပါမည်နည်း။ မေးခွန်းနံပါတ်(၃) အစီအစဉ်မရှိပါက အဘယ်ကြောင့်ပါနည်းဆိုတဲ့ မေးခွန်း ၃ ခုမေးလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသွားတဲ့မေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပါင်းနှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ အခု ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏မေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ကိုယ်စား ကျွန်တော် ဦးအောင်သန်းဦး ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ သာစည်မြို့ပေါ်ရပ်ကွက်များမှာ ဓာတ်အားပေးစနစ် တိုးတက်ကောင်းမွန် စေရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ အမှတ်(၇)ရပ်ကွက်မှာရှိတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း ၄၅၀၀ ပေအတွင်းမှာရှိသော ဆွေးမြေ့သစ်သားတိုင်များကို ၉ မီတာ

ကွန်ကရစ်တိုင် ၃၆ တိုင်နှင့်လည်းကောင်း၊ ကြေးကြိုးနံပါတ်(၈)များကို ကြေးကြိုးနံပါတ်(၄) ကြိုးအကြီးများဖြင့်လည်းကောင်း လဲလှယ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပြီးတော့မှ လဲလှယ်ရန်ဆွေးမြေ့သစ်သားတိုင် ၆၅ တိုင်ကျန်ရှိပါတယ်။

သာစည်မြို့နယ်နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာလည်း ယခင် ၁၅ နှစ်ကျော်ကာလကတည်းက တည်ဆောက်ခဲ့တဲ့ ဓာတ်အားလိုင်းများဟာ သစ်သားတိုင်၊ သံတိုင်များဖြစ်ပြီး ၎င်းတိုင်များနေရာမှာ ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနအနေနဲ့ ခွဲဝေရရှိသောရန်ပုံငွေပေါ် မူတည်ပြီး နှစ်စဉ်အပိုင်းလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းမှာကျန်ရှိသော ဟောင်းနွမ်းဆွေးမြေ့သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများနဲ့ ကြိုးအသေးများကို ကြိုးအကြီးဖြင့် လဲလှယ်ခြင်းလုပ်ငန်းများအား လာမည့်နှစ်မှစပြီးတော့ နှစ်အလိုက်ရရှိတဲ့ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေပေါ် မူတည်ပြီး ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်း၏မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာ အင်းတကော်မြို့နယ်မှာရှိတဲ့ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံရဲ့ ၁၁ ကေဗွီ ထုံးကြီးဖီဒါမှတစ်ဆင့် ဌာနပိုင် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေနှင့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၂ လုံးတို့နဲ့ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။ ၁၁ ကေဗွီ ထုံးကြီးဖီဒါဟာ အင်းတကော်ဓာတ်အားခွဲရုံမှ ကျောက်တန်းကျေးရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်းအရှည် ၁၄.၈ မိုင်ခန့်ကွာဝေးပြီးတော့မှ ကွန်ကရစ်တိုင် ၄၅ တိုင်၊ သံတိုင်အလုံး ၁၀၀ တိုင်နှင့်ကျွန်းကြပ်သားတိုင် ၉၇ တိုင်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာနည်းတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး မြို့၊ ရွာများမှာလည်း ယခင် ၁၅ နှစ်ကျော်ကတည်းက တည်ဆောက်ခဲ့တဲ့ ဓာတ်အားလိုင်းများဟာ သစ်သားတိုင်၊ သံတိုင်တွေဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒါများကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ခြင်း၊ လိုင်းကြိုးအသေးများကို လိုင်းကြိုးအကြီးဖြင့်လဲလှယ်ခြင်းတွေကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာအတွင်းမှာရှိသော ကျန်ရှိနေတဲ့ဟောင်းနွမ်းဆွေးမြေ့သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများနှင့် ကြိုးအသေး၊ ကြိုးအကြီးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက်ရရှိတဲ့ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေအပေါ် မူတည်ပြီးတော့မှ ဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရွှေသဘာဝဓာတ်ငွေ့ကို Gas အင်ဂျင်စနစ်ဖြင့် ရမ်းဗြဲမြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘထီး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအား မင်္ဂလာလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းတစ်ခုမေးလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ပင်မထွက်ရှိတဲ့သဘာဝဓာတ်ငွေ့ကိုအသုံးပြုပြီးတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသသို့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှစတင်ပြီးတော့ လျှပ်စစ်ဓာတ်အားများကို ၃ မဂ္ဂါဝပ်နဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကျောက်ဖြူမြို့အပါအဝင် အနီးအနားကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၄၀၀၀ ကျော်ခန့်အားလည်းပဲ လျှပ်စစ်ဓာတ်အား၊ လျှပ်စစ်ဓာတ်မီးကြိုးသွယ်တန်းကာ မီတာတပ်ဆင်ပြီးတော့ လျှပ်စစ် Gas Engine စနစ်နဲ့လည်ပတ်လျက်ရှိကြောင်း၊ အခြားဒေသတော်တော်များများသို့လည်းပဲဖြန့်ဖြူးလျှင် နှစ်လလောက်အချိန်ပေးပြီး လက်ရှိ ၃ မဂ္ဂါဝပ်ထက်မြှင့်ပြီးတော့ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ရမ်းဗြဲမြို့နယ်သည် ကျွန်တော်တို့ကျောက်ဖြူမြို့နယ်နဲ့ ကုန်းလမ်းဆက်စပ်မှုရှိသည့်အပြင် ရမ်းဗြဲကျွန်းပေါ်တွင် အတူတကွယှဉ်တွဲနေထိုင်ကြသည့် မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ်နဲ့ ကုန်းလမ်းခရီးအားဖြင့်လည်းပဲ အသေးစိတ် ၈ မိုင်သာကွာဝေးပြီးတော့ နယ်မြေဆက်စပ်မှုရှိနေတာကတစ်ကြောင်း၊ ကျောက်ဖြူခရိုင်အတွင်း အနီးကပ်ဆုံးကျရောက် သည်ကတစ်ကြောင်းတို့ကြောင့် ရွှေသဘာဝဓာတ်ငွေ့မှရရှိကြတဲ့ သဘာဝဓာတ်ငွေ့ကို Gas Energy စနစ်ဖြင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသနဲ့ တစ်ကျွန်းတည်း၊ တစ်ခရိုင်တည်းတွင်တည်ရှိနေပြီးတော့ ကုန်းလမ်းကြောင်းဆက်စပ်မှုလည်းရှိနေတဲ့ ရမ်းဗြဲမြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိ။

အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ပေးနိုင်မည်နည်း။ မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရမ်းဗြဲမြို့နယ်သူ မြို့နယ်သားများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး၏ မေးခွန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ဆက်လက်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နဲ့ ရမ်းဗြဲမြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကျောက်ဖြူ Gas Turbine မှတစ်ဆင့် ကျောက်ဖြူမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၅ မိုင်စီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်ငွေပါဝင်တဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းကျောက်ဖြူ Gas Turbine တည်ဆောက်ရေးစီမံကိန်းအတွက် အကြိုလေ့လာမှု Feasibility Study နှင့် EIA Report များ ပြုစုတင်ပြခြင်းနှင့် International Tender ခေါ်ယူရန် ဆောင်ရွက်လျက်ရှိပြီး ၎င်း Gas Turbine တည်ဆောက်မှုမပြီးခင်ကာလအတွင်းမှာ ၁.၁ မဂ္ဂါဝပ်ရှိတဲ့ Gas Engine ၃ လုံးဖြင့် ၁၅-၉-၂၀၁၃ ရက်နေ့မှစပြီး ကျောက်ဖြူမြို့ကို Gas Engine နဲ့မောင်းနှင်လည်ပတ်ပြီး ပတ်ဝန်းကျင်ကို ၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ရမ်းဗြဲမြို့ဟာ ကျောက်ဖြူမြို့နှင့် ၄၈ မိုင်ကွာဝေးပြီး ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အား ပေးနိုင်တဲ့ အကွာအဝေးထက်များစွာကျော်လွန်နေတဲ့အတွက်ကြောင့် ကျောက်ဖြူမှာတည်ဆောက်မယ့် Gas Turbine မှတစ်ဆင့် ကျောက်ဖြူ-ရမ်းဗြဲ ၆၆ ကေဗွီဓာတ်အားလိုင်း ၄၁ မိုင်စီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်ရန်စီမံထားရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရဲ့ဖြည့်စွက်ရန်ပုံငွေမှာလည်း ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပြီးပါက ၎င်းဓာတ်အားလိုင်းနှင့် ၆၆ကေဗွီ၊ ၁၁ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို ရမ်းဗြဲမှာ ၂၀၁၄ ခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပြီး

တော့ ရမ်းပြဲမြို့ကို ခါတ်အားပေးနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်းရဲ့မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန်လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး၊ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့် ပြစ်ဒဏ်များကို ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန်၊

ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အများပြည်သူတို့ ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်နိုင်ရန်အတွက် ၁၇-၁၀-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြပါသည်။

၄။ အဆိပ်များအက်ဥပဒေသည် ၁၉၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါသည်။ ယခု တင်သွင်းလာသော ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၃ ခု ပါရှိပါသည်။ ယင်းပုဒ်မများသည် မူလ အက်ဥပဒေ၏ ပုဒ်မ ၄ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ကို ခေတ်နှင့် လျော်ညီစေရန် ပြစ်ဒဏ်များ အစားထိုးပြင်ဆင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ ထို့ကြောင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးခဲ့သည့် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ပြင်ဆင်ချက်မရှိ သဘောတူခဲ့ကြပါသည်။

၆။ သို့ဖြစ်ပါ၍ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီလွှတ်တော်သို့ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၈-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော တိုင်းရင်းသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန်လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား အစီရင်ခံစာတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ပြည်ထောင်စုဒုတိယဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်မှ ပေးပို့လာခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့် စကားရပ်များ၊ ပြစ်ဒဏ်များကို ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အများပြည်သူတို့ ပိုမိုရှင်းလင်းစွာသိရှိစေရန် ရည်ရွယ်၍ ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်နိုင်ရန် ၁၇-၁၀-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၄။ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၆ ခု ပါရှိပါသည်။ ယင်းပုဒ်မများသည် မူလဥပဒေ၏ ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂ ပုဒ်မခွဲ (က)နှင့် (ခ)၊ ပုဒ်မ ၃၃၊ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)နှင့် (ခ) တို့ကို ခေတ်နှင့်လျော်ညီစေရန် စကားရပ်များ၊ ပြစ်ဒဏ်များ အစားထိုးပြင်ဆင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်ပါတယ်။ ပုဒ်မ ၆ ဆိုတာ မှားယွင်းစွာ ရိုက်နှိပ်ဖော်ပြထားတဲ့အတွက် ပယ်ဖျက်ပေးဖို့ လေးစားစွာတင်ပြအပ်ပါတယ်။

၅။ ထို့ကြောင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးခဲ့သည့် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ပြင်ဆင်ချက်မရှိသဘောတူခဲ့ကြပါသည်။

၆။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်တို့ကို တိကျစွာဖော်ပြ၍ ၂၈-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ကျန်ရှိသည့် နေ့လယ်ပိုင်းအချိန်များမှာ မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ရန်ရှိတဲ့ ကိစ္စရပ်များကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ပထမ

အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် (သောကြာနေ့) ၁၀၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၁၁း၂၀ နာရီတွင်ရပ်နားပါသည်။